# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 19, 2020 Volume 29, Number 12


**၁၉.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၂ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၅၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၃၅/- ကျပ် |
| CBM Rate | = ၁၄၃၂.၆ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၈.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၅၄.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၁၉.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၁.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၁၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၉၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 Fund ဖြင့် လုပ်ငန်းများကို တစ်နှစ် အတိုး (၁) ရာခိုင်နှုန်းဖြင့် ငွေချေးမည်

COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုကို ကုစားနိုင်ရန်အတွက် COVID-19 Fund အဖြစ် ကျပ်ဘီလီယံ (၁၀၀) ထားရှိကာ အတိုး (၁) ရာခိုင်နှုန်းဖြင့် ချေးပေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ COVID-19 ကြောင့် လတ်တလော ထိခိုက်မှု အများဆုံး ခံစားနေရသည့် လုပ်ငန်းကဏ္ဍများအဖြစ် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည်ထောင်စုအစိုးရ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်လည်ပတ်ရန်ပုံငွေမှ ကျပ်ဘီလီယံ (၅၀) ၊ လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ်ဘီလီယံ (၅၀) ဖြင့် စုစုပေါင်း ကျပ်ဘီလီယံ (၁၀၀) ကို ကနဦး မတည်ငွေအဖြစ် စီးပွားရေးဘဏ်တွင် COVID-19 Fund အဖြစ်ထားရှိမည်ဟုဆိုသည်။ အဆိုပါငွေများဖြင့် ထိခိုက်ခံစားနေရသည့် စီးပွားရေးလုပ်ငန်းများအပေါ် တစ်နှစ်လျှင် အတိုး (၁) ရာခိုင်နှုန်းဖြင့် ချေးငွေကာလ တစ်နှစ်သတ်မှတ်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများအနေနှင့် သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့ကိုလည်း ပေးဆောင်ရန် အချိန်နောက်ဆုတ်ပေးထားသည်။ အလားတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးမည်ဟုဆိုသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2021514

## အခြေခံ စားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စေရန် UMFCCI ဆောင်ရွက်မည်

အများပြည်သူ နေ့စဉ်စားသုံးနေရသည့် အခြေခံစားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများ ပြတ်လပ်မှုမရှိစေရန် ဈေးနှုန်းတည်ငြိမ်စေရန် မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မှ ဆောင်ရွက်ပေးမည်ဟု သတင်းထုတ်ပြန်သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင်ဖြစ်ပွားနေသော COVID-19 ကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် သတ်မှတ်ခဲ့ ပြီးနောက် ပြည်သူအများစိုးရိမ်ကာ ဆန်၊ ဆီ၊ ဆားကဲ့သို့ အခြေခံစားသောက်ကုန်များ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများကို ပုံမှန်ထက်ပိုဝယ်ယူနေကြကြောင်းကိုတွေ့ရှိရသဖြင့် အဆိုပါကုန်စည်များ ဈေးနှုန်းတည်ငြိမ်စေရေးအတွက်

ကုန်သည်စက်မှုအသင်းချုပ်မှညီနောင်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟုဆိုသည်။

ဆန်စပါးအသင်းချုပ်၊ ဆီ၊ ဆေးဝါး၊ လက်လီအသင်းများ၊ ကုန်ထုတ်လုပ်သူများ၊ စားသောက်ကုန်လုပ်ငန်း အသင်းများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။ အဆိုပါ အသင်းများအနေနှင့်လည်း အများပြည်သူအကျိုးစီးပွား၊ နိုင်ငံအကျိုးစီးပွားကိုကြည့်ကာ တူညီသော သဘောထားရပ်တည်ချက်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မည်ဟု ဆိုသည်။ ဆန်ကဲ့သို့ စားသောက်ကုန်များအနေနှင့် ပြည်တွင်းတွင် ဖူလုံမှုရှိနေပြီး လိုအပ်သလောက်ထုတ်ရောင်းပေးနိုင်သည့် အခြေအနေတွင်ရှိနေသဖြင့် မစိုးရိမ်ကြရန် လုပ်ငန်းရှင်တို့ကပြောဆိုထားသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2021513

## ပြည်ပမှဝင်လာသည့် တရုတ်နိုင်ငံသားများကို ၁၄ ရက် စောင့်ကြည့်မည့် အစီအစဉ်ကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအခက်အခဲဖြစ်



တရုတ်အစိုးရက မတ် လ ၁၇ ရက်တွင် ထုတ်ပြန်သည့် ပြည်ပမှဝင်လာသော တရုတ်နိုင်ငံသားများကို COVID -19 နှင့်ပတ်သက်၍ ၁၄ရက် စောင့် ကြည့်မည့် အစီအစဉ်ကြောင့် နယ်စပ်ကုန်သွယ်ရေး၌ အခက်အခဲဖြစ်စေကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ဦးနန္ဒကပြောသည်။ တစ်ရက်လျှင် ဖရဲ၊ သခွား သစ်သီးကုန်တင်ယာဉ်အစီး ၅၀၀ ခန့်ကို လာရောက်ဝယ်ယူသော တရုတ်ကုန်သည်များသည် မတ်လ ၁၈ ရက်တွင် မူဆယ်နယ်စပ်သို့ မလာရောက်သဖြင့် သစ်သီးကားများ ဝမ်တိန်သို့သွားရောက် ရောင်းချရကြောင်းငင်းကဆိုသည်။ "တရုတ်ကရောဂါထိန်းနိုင်တော့ ပြည်ပကနေပြန်ဝင်မှာ ကြောက်တယ်နဲ့တူပါတယ်"ဟု ဦးနန္ဒက ပြောသည်။ ဖရဲ၊ သခွား သစ်သီးများနှင့် ရေထွက်ကုန်စည် ဈေးကွက်သည် မူဆယ်တွင် အရောင်းအဝယ်ပြုလုပ်သဖြင့် နေ့စဉ်တရုတ်ကုန်သည် ၄၀၀ မှ ၅၀၀ အကြား ဝင်ရောက်လေ့ရှိသည်။ သို့သော် တရုတ်အစိုးရ၏ ၁၄ ရက် စောင့်ကြည့်အစီအစဉ်ကြောင့် ကုန်သည်များက မြန်မာနိုင်ငံသို့အဝင်မရှိခြင်းဖြစ်ကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကဆိုသည်။ ပြည်ပမှပြန်ဝင်လာသည့် တရုတ်နိုင်ငံသားများကို စောင့်ကြည့်မည့်အစီအစဉ်သည် နှစ်နိုင်ငံကုန်သွယ်ရေး အခက်အခဲဖြစ်စေခြင်းကြောင့် ရွှေလီအစိုးရ နှင့် နယ်စပ်တာဝန်ရှိသူများက မတ်လ ၁၈ရက်တွင် ညှိနှိုင်းနေကြောင်း ဦးနန္ဒကပြောသည်။ COVID-19 ကြိုတင်ကာကွယ်ရေးအနေဖြင့် မူဆယ် ၁၀၅ မိုင် သစ်သီးရောင်းကွင်းတွင် မတ် လ ၁၉ ရက်ကစ၍ ကုန်သည်၊ တောင်သူများကို အရောင်းစင်အပေါ်သို့ မခေါ်ဆောင်ရန် မူဆယ် ၁၀၅ မိုင်သစ်သီးဝလံကုန်စည်ဒိုင်က အသိပေးကြေညာချက်ထုတ်ပြန်ထားသည်။

လက်ရှိတွင်မူဆယ်နယ်စပ် မြန်မာ-တရုတ် ကုန်သွယ်ရေး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး တစ်ရက်လျှင် ကုန်တင်ယာဉ်များဖြင့် ကုန်သွယ်မှုပမာဏက ဒေါ်လာ ၁၀ သန်းဝန်းကျင်ရှိနေသည်။ ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့တင်ပို့မှုပါ ထည့်သွင်းတွက်ချက်ပါက ကုန်သွယ်မှု ဒေါ်လာ ၁၅ သန်းခန့်ရှိလာရာ ကုန်သွယ်မှုပုံမှန်နီးပါး အခြေအနေကို ပြန်လည်ရောက်ရှိခြင်းဖြစ်သည်။ COVID-19 ကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး သည် တစ်ရက်ကုန်တင်ယာဉ်ဖြင့် ကုန်သွယ်မှုဒေါ်လာ ငါးသောင်းအောက်ရောက်ရှိခဲ့သည်။ "ကုန်သွယ်မှုကတော့ ပြန်ကောင်းလာပြီလို့ပြောလို့ရတယ်။ ဒါပေမဲ့ စောင့်ကြည့်အစီအစဉ်က ဘာတွေထပ်ဖြစ်မလဲတော့ မသိသေးဘူး" ဟု မူဆယ်ဆန်ကုန် စည်ဒိုင်အသင်းဝင်ဦးမင်းသိန်းကပြောသည်။ တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁,၇၀၀ ကျော်နှင့် သကြားများတင်ပို့နေသည်ဟု ၎င်းကဆိုသည်။ တရုတ်နှစ်သစ်ကူးပိတ်ရက် အလွန် COVID-19 ကြောင့် နှစ် နိုင်ငံနယ်စပ်ကုန်သွယ်ရေး တုံ့ ဆိုင်းသဖြင့် ကုန်သွယ်မှုဒေါ်လာသန်း ၂၀၀ ကျော် လျော့နည်း သည်။ ထို့နောက် ဖေဖော်ဝါရီ ၂၀ ရက် နောက်ပိုင်းကစတင်ပြီး နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်နိုင်ကာ တစ်ရက်ထက်တစ်ရက် ကုန်သွယ်မှုတိုးမြင့်ခဲ့သည်။ ယခုဘဏ္ဍာနှစ် ငါးလကျော်အတွင်း မူဆယ်နယ်စပ်မှကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများတွင် ဖော်ပြထားသည်

**Source:** https://7day.news/

## COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် CMP ၊ ဟိုတယ်နှင့် ရီးသွားလာရေးနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများကို ဦးစားပေး ကုစားရမည့်ကဏ္ဍအဖြစ်သတ်မှတ်ထားပြီး ယင်းလုပ်ငန်းများကို အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် ချေးငွေကာလ တစ်နှစ် သတ်မှတ်၍ အစိုးရထုတ်ချေးမည်

COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် CMP ၊ ဟိုတယ်နှင့် ခရီးသွားလာရေးနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့်ကဏ္ဍအဖြစ်သတ်မှတ်ထားပြီး ယင်းလုပ်ငန်းများကို အတိုးနှုန်း တစ်ရာခိုင် နှုန်းဖြင့် ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ အစိုးရထုတ်ချေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ မတ် ၁၈ ရက် ညပိုင်းတွင် သတင်းထုတ်ပြန်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ မတ် ၁၈ ရက်က COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၀) ကို ကျင်းပခဲ့ပြီးနောက် ထုတ်ပြန်ခဲ့သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်တွင် COVID-19 ကြောင့် လတ်တလောစီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍ များအဖြစ် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့်ကဏ္ဍအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်းပါရှိသည်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်လှည့်ပတ်ရန်ပုံငွေမှ ကျပ် ၅၀ ဘီလျံနှင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ၅၀ ဘီလျံ စုစုပေါင်း ကျပ် ၁၀၀ ဘီလျံကို ကနဦး မတည်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် COVID-19 ရန်ပုံငွေထူထောင်သွားမည်ဖြစ်ကြောင်း၊ ယင်းအဆိုပါရန်ပုံငွေဖြင့် COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်း တစ်ရာခိုင်နှုန်း ချေးငွေကာလ တစ်နှစ် သတ်မှတ်ပြီး ထုတ်ချေးသွားမည်ဖြစ်ကြောင်းနှင့် စီးပွားရေးထိခိုက်မှုအပေါ်မူတည်၍ အတိုးနှုန်းနှင့် ချေးငွေကာလကို လိုအပ် သလို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စား စီးပွားရေး လုပ်ငန်း များ၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့်ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့်ပတ်သက်၍ (က) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဒုတိယ သုံးလပတ်အတွက် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးမည့် တတိယသုံးလပတ် အတွက်လည်းကောင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပေးဆောင်နိုင် ကြောင်းနှင့် (ခ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်မှ စတင်၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်အထိ လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပေးဆောင်နိုင်ကိုလည်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကိုလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန် အထိ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိ သည်။

**Source:** https://news-eleven.com/article/164966

## မူဆယ် နယ်စပ်ဂိတ် ပိတ်ထားခြင်းမရှိဘဲ ပုံမှန်ဝင်ထွက်နေ

မြန်မာ-တရုတ်မူဆယ်နယ်စပ်ဂိတ် ပိတ်ထားခြင်းမရှိဘဲ ပုံမှန်ဝင်ထွက်သွားလာလျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ အလုပ်သမားလိုအပ်ချက်အရ ဝင်ထွက်သွားလာသူ ပို၍ပင်များပြားနေကြောင်း မူဆယ်မြို့ကရုဏာ လူမှုကူညီရေးအသင်းမှ ဦးသောင်းထွန်းက မြန်မာတိုင်းမ်သို့ပြောသည်။မူဆယ်နယ်စပ်ဂိတ်များပိတ်ကြောင်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြမှုများ သည် မှန်ကန်မှုမရှိဘဲ ယနေ့မတ် ၁၈ရက်နံနက်ပိုင်းက ဖရဲ သခွားဝယ်ယူသည့် တရုတ်ကုန်သည်များက ၎င်းတို့နိုင်ငံဘက် ပြန်သွားခြင်းအပေါ် ယင်းကဲ့သို့ ရေးသားမှုများရှိလာသည်ဟုဆိုသည်။ “မူဆယ်နယ်စပ်ဂိတ် ၃ ခုလုံးဖွင့်တယ်။ အရင်ရက်တွေ

ထက်တောင် ပိုများနေတာပါ။ ဖြစ်သွားတာက အသီးဝယ်တဲ့ တရုတ်ကုန်သည်တွေ မနက်အစောကြီးဘဲ အသီးဝယ်ဖို့ရောက်လာတယ်။ သူတို့နိုင်ငံဘက်က အပြင်ထွက်ပြီး ပြန်ဝင်ရင် ၁၄ ရက်စောင့်ကြည့်လုပ်မယ်ဆိုတဲ့သတင်းကြောင့် ကြောက်ပြီး ချက်ချင်းပြန်ပြေးသွားတာကို ပိတ်တယ်ဆိုပြီး လိုင်းပေါ်ပျံ့နေတယ်။ အဲဒါမဟုတ်ဘူး”ဟု ၎င်းကပြောသည်။ တရုတ်နိုင်ငံ ရွှေလီမြို့တွင် ယနေ့ပြုလုပ်သည့်အစည်းအဝေး၌ လေကြောင်းလိုင်းဖြင့် တရုတ်နိုင်ငံသို့ရောက်ရှိသူများအား ၁၄ ရက် စောင့်ကြည့်မှုပြုလုပ်မည်ဖြစ်ပြီး နယ်စပ်လမ်းကြောင်းမပါဝင်ဟုသိရသဖြင့် တရုတ်ကုန်သည်များပုံမှန်လာရောက်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်သီးနှံကုန်သည်များ ၎င်းတို့နိုင်ငံဘက် ပြန်သွားသောကြောင့် မူဆယ်(၁၀၅)မိုင် သီးနှံအရောင်းကွင်းတွင် ရောက်ရှိနေသည့် ဖရဲသခွားများကို တရုတ်ပြည်ဝမ်တိန်ကွင်းသို့ သွားရောက်ရောင်းချခဲ့ကြကြောင်း၊ မူဆယ် (၁၀၅)မိုင် သီးနှံကုန်စည်ဒိုင်ကလည်း သီးနှံအရောင်းကွင်းတွင် လူစုလူဝေးမဖြစ်စေရန် ကြေညာချက်တစ်စောင် ကို ယနေ့နံနက်ပိုင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ “မနက်စောပိုင်းက တရုတ်ကုန်သည်တွေ သီးနှံအရောင်းကွင်းရောက်လာပြီးတော့ ပြန်ထွက်သွားလို့ ဝမ်တိန်ဘက်ထိ ကားတွေဝင်ပြီး ရောင်းကြတာပါ။ ဒီဘက်လာတဲ့ သူတွေ ပြန်ဝင်လာရင် ၁၄ ရက်စောင့် ကြည့်မယ်ကြားလို့ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်သွားတယ်။ဒီနေ့ လည်းမှာ အစည်းအဝေးလုပ်တယ်လို့ ကြားတယ်”ဟု မိန်းမိန်းသစ်သီးပွဲရုံ(မူဆယ်)မှ ဦးထွန်းက ပြောသည်။ မူဆယ်မြို့နှင့် ပတ်ဝန်းကျင်မှ ပရဟိတအသင်း ၁၇ သင်းသည် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် နယ်စပ်ဂိတ်မှ ဝင်ထွက်သူများအား ကိုယ်ပူချိန်တိုင်းခြင်း၊ လက်ဆေးဂျယ်ဖြင့်လက်ဆေးပေးခြင်း၊ Mask ဖြန့်ဝေခြင်းတို့ကို ဌာနဆိုင်ရာတို့နှင့် ပူးပေါင်းလုပ်ဆောင်နေသည်မှာ ၂ လခန့်ကြာပြီဟုသိရသည်။

**Source:** https://myanmar.mmtimes.com/news/136985.html

## COVID-19 ရောဂါကြောင့် ကျဆင်းနေသည့် မြန်မာ့ခရီးသွားလုပ်ငန်းနယ်ပယ်၌ ကျွမ်းကျင်လုပ်သားဦးရေ သိန်းနှင့်ချီ အလုပ်လက်မဲ့မဖြစ်စေရန် ကျပ်ဘီလျံ ၅၀ ခန့် နိုင်ငံတော်မှ ချေးငွေရယူရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းကတင်ပြထား




COVID-19 ကြောင့် ကျဆင်းနေသည့် မြန်မာ့ခရီးသွားလုပ်ငန်း နယ်ပယ်၌ ကျွမ်းကျင်လုပ်သားဦးရေ သိန်းနှင့်ချီ အလုပ်လက်မဲ့မဖြစ်စေရန် ကျပ်ဘီလျံ ၅၀ ခန့် နိုင်ငံတော်မှ ချေးငွေရယူရန် တင်ပြထားကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှသိရသည်။ အဆိုပါတင်ပြမှုအား ၂၀၂၀ ပြည့်နှစ် မတ် ၁၇ ရက်က COVID-19 ကြောင့် စီးပွားရေးသက်ရောက်မှု ကုစားရေးအတွက် UMFCCI တွင် ပြုလုပ်သည့် အစည်းအဝေးတွင် မြန်မာ နိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က တင်ပြထားခြင်းဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်အရ သိရသည်။

“အခုလက်ရှိ ခရီးသွားကုမ္ပဏီတွေ ခြောက်လလောက် အလုပ်မရှိတော့ဘူး။ တစ်နှစ်အထိ စီးပွားရေးထိခိုက်နေပြီ။ ပြန်ကောင်းစရာလမ်းမရှိဘူး။ နိုင်ငံတော်ကပံ့ပိုးပေးရင် ကျားကန်ပေးထားရင် အသက်ဆက်ရှင်နိုင်မယ်။ ဒီကာလအတွင်း ဝန်ထမ်းလစာပေးဖို့ ကျပ်သိန်း ၅၀၀ လောက်လိုမယ်။ နိုင်ငံတော်က ချေးငွေထုတ်ပေးရင် အဆင်ပြေနိုင်မယ်။ ဒါတောင် ပြန်ဆပ်ဖို့ခက်ဦးမယ်။ အသင်းသားကုမ္ပဏီ ၁၁၀၀ ရှိတယ်။ အားလုံး လိုအပ်နေပါတယ်။ အခုတောင်းဆိုချက်က ဒေါ်လာ ၃၅ သန်းလောက်ရှိတယ်။ ဒါပေမဲ့ နိုင်ငံတော်စီမံကိန်းစက်ရုံတစ်ခုတည်ဆောက်ရင် ဒေါ်လာသန်းရာချီကုန်တယ်။ အလုပ်သမား အများဆုံး ၁၀၀၀ အလုပ်ပေးနိုင်မယ်။ အခုခရီးသွားလုပ်ငန်းမှာ ကျွမ်းကျင်လုပ်သားသိန်းချီပြီး အလုပ်လက်မဲ့ဖြစ်မယ်။ ဒေါ်လာသန်း ဆယ်ဂဏန်းနဲ့ကယ်တင်နိုင်မယ်။ ဒါကြောင့် ပံ့ပိုးပေးပါ။ ချေးပေးပါလို့ တောင်းဆိုတာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောကြားသည်။ COVID-19 ရောဂါကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းရာခိုင်နှုန်း ၈၀ ထိကျဆင်းနေပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များမှ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရန် နိုင်ငံတော်မှ အတိုးမဲ့ချေးငွေများခွင့်ပြုပေးရန်၊ အခွန်ဆောင်ရမည့် အချိန်ကာလအား နောက်ဆုတ်ပေးရန်အပါအဝင် အချက်သုံးချက်အား

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ နိုင်ငံတော်သို့တင်ပြထားကြောင်းသိရသည်။

လက်ရှိအချိန်တွင် COVID-19 ရောဂါကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းမှာ ရာခိုင်နှုန်း ၈၀ အထိ ကျဆင်းနေပြီး သုည ရာခိုင်နှုန်းအထိထိုးဆင်းမည့် အလားအလာများရှိနေကြောင်း သိရသည်။ COVID-19 ရောဂါကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နိုင်ငံခြားသားခရီးသွား ဝင်ရောက်မှု ယခင်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့် ကျဆင်းခဲ့ခြင်းဖြစ်သည်။ COVID-19 ရောဂါကြောင့် မြန်မာ့ခရီးသွားလုပ်ငန်း ကျဆင်းနေပြီး ဟိုတယ်လုပ်ငန်းရှင်များမှ ဝန်ထမ်းလစာမပေးနိုင်ခြင်းများ မဖြစ်စေရန် နိုင်ငံတော်မှ အတိုးမဲ့ချေးငွေချေးယူရန် တင်ပြလာသည့် ဟိုတယ်လုပ်ငန်းရှင်ပေါင်း ၆၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကျော်ဦး၏ ပြောကြားချက်အရသိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ COVID-19 ရောဂါကြောင့် အသင်းဝင်ဟိုတယ်များ အနေဖြင့် လတ်တလောရင်ဆိုင်နေရသည့် မိမိတို့ဝန်ထမ်းများ လစာပေးနိုင်ရန်ကိစ္စနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိ ကျွမ်းကျင် ဟိုတယ်ဝန်ထမ်းများအား လျှော့ချရခြင်း၊ လစာမပေးနိုင်ခြင်းကိစ္စများ မဖြစ်ပေါ်စေရန် အသင်းဝင်ဟိုတယ်များ၏ ဝန်ထမ်း လစာများအတွက် အတိုးမဲ့ချေးငွေများကို နိုင်ငံတော်ဘဏ်များမှ ထုတ်ချေးနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီး ချေးငွေရယူလိုသော ဟိုတယ်များ စာရင်းကို မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်သို့ ပေးပို့ရန် အသင်းဝင်လုပ်ငန်းရှင်များသို့ အကြောင်းကြားစာထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက် နောက်ဆုံးထား တင်ပြရန် ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။ “ လက်ရှိမှာ COVID-19 ရောဂါကြောင့် အသင်းဝင်ဟိုတယ် လုပ်ငန်းရှင် တွေအနေနဲ့ ကျွမ်းကျင်ဝန်ထမ်းတွေ လျော့မသွားစေလိုတဲ့အတွက် နိုင်ငံတော်ကနေ အတိုးမဲ့ချေးငွေချေးယူဖို့တင်ပြလာတဲ့ ကုမ္ပဏီပေါင်း ၆၀ ကျော်ရှိပါတယ်။ ဒါတောင် ချေးငွေရယူလိုတဲ့ ကုမ္ပဏီအချို့တင်ပြဖို့ ကျန်နေသေးတယ်လို့သိရပါ တယ်။ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းက အခြားလုပ်ငန်းနယ်ပယ်တွေနဲ့မတူဘဲ ဝန်ထမ်းတွေကို ချက်ချင်းခန့်လို့မရဘဲ ကျွမ်းကျင်ဝန်ထမ်းတွေကို လျော့နည်းမသွားစေလိုတဲ့အတွက် အခုလို လစာရှင်းပေးနိုင်ဖို့ ချေးငွေရယူနိုင်ဖို့ စီစဉ်ရတာပါ” ဟု မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကျော်ဦးက The Daily Eleven သတင်းစာသို့ ပြောကြား သည်။

**Source:** https://news-eleven.com/article/164933

## မြဝတီမှာ ပြောင်းကုန်စည်ဒိုင်ဖွင့်မည်



မြဝတီမှာ မြန်မာကုန် သည်တွေနဲ့ထိုင်းကကုန်သည်တွေ ပြောင်းဆန်ရောင်းဝယ်ရေးလုပ်နိုင်ဖို့ ပြောင်းကုန်စည်ဒိုင်တစ်ခု ဖွင့်မယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းက သိရပါ တယ်။ ပြီးခဲ့တဲ့လ၂၄ရက်နေ့က စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ် ရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့တဲ့အပြင် မတ်လ လဆန်းပိုင်းရက်မှာပဲ မြဝတီမှာ ဒေသအသီးသီးက ပြောင်းကုန်သည်တွေ၊ စီးပွား ကူးသန်းက တာဝန်ရှိသူတွေနဲ့ မြဝတီမှာရှိတဲ့ ဌာနဆိုင်ရာတွေ တွေ့ဆုံဆွေးနွေးပွဲတစ်ခုလုပ်ခဲ့ပြီး ပြောင်းကုန်စည်ဒုင်ဖွင့်ဖို့ အားလုံး က သဘောတူခဲ့တယ်လို့ အသင်းအတွင်းရေးမှူးဦးသန့်ဇင် ထွန်းက ဆိုတယ်။ သူက “ စီးပွားကူးသန်းဝန် ကြီး ကလဲ ဖွင့်ဖို့သဘောတူထားတယ်၊ ဆွေးနွေးပွဲမှာလဲ အကုန်လုံးက ပြောင်းဆန် ကို တစ်နေရာတည်းမှာ စုစုစည်းစည်း လုပ်နိုင်မယ့်နေရာ လေးတစ်ခုလုပ်ဖို့ သဘောတူခဲ့ ပါတယ်၊ အဲဒါကြောင့်ကျွန်တော် တို့ အမြန်ဆုံး ဖွင့်နိုင်ဖို့ လုပ်ဆောင် သွားမှာပါ” လို့ ပြောပါတယ်။

ပြောင်းကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ဖို့အတွက် ဒေသခံတွေထဲ ဦးဆောင်သူ ၁၅ ဦးနဲ့ ကူညီလုပ်ဆောင်ပေးရန် ခြောက်ဦး တို့ကိုရွေးချယ်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ မြဝတီပြောင်းကုန်စည်ဒိုင် ဖွင့်နိုင်မယ်ဆိုရင် ဈေးနှုန်းတိကျမှုရှိစေမယ့်အပြင် အရောင်းအဝယ် ပိုမြန်ဆန်လာနိုင်မယ်လို့ဆိုပါတယ်။ ဦးသန့်ဇင်ထွန်းက “ အရင်က ရောင်းမယ်ဆိုရင် ကိုယ့်ဟာကို ရောင်းတာ

ဖြစ်တဲ့အတွက် ဈေးကအရင်ရက်တွေက ပေါက်တဲ့ဈေးတွေလောက်နဲ့ပဲ ခန့်မှန်းရောင်းရတယ်ပေါ့ဗျာ၊ ပြီးမှ ကုန်သည် အချင်းချင်းစကားပြောဖြစ်ရင် ဈေးကကွာနေတာသိမှ ပြန်တိုးပြန်လျှော့လုပ်ရတာ၊ တစ်နေရာတည်းမှာဆိုရင် ဘယ်ဈေး ပေါက်တယ်ဆိုတာ တစ်နေ့တည်းနဲ့ ဒီကုန်စည်ဒိုင်မှာ အကုန်တစ်ပြေးညီသိရတယ်၊ ရောင်းဖို့က မြန်မာဘက်ကရှိမယ်၊ ဝယ်ဖို့ကထိုင်းက ကုန်သည်ရော၊ ထိုင်းသူဌေးက ကိုယ်စားလှယ်လွှဲထားတဲ့ မြန်မာကုန်သည်တွေရော ဒီနေရာမှာ အရောင်း အဝယ် လုပ်မှာပါ”လို့ပြောတယ်။ ပြောင်းကုန်စည်ဒိုင်ကို ၄၅ ရက်အတွင်း ဖွင့်နိုင်ဖို့ ရည်ရွယ်ထားပြီး ထိုင်းကုန်သည်တွေနဲ့ မြန်မာဘက်ကကုန်သည်တွေ ကားအဝင်အထွက်လုပ်လို့ အဆင်ပြေမယ့်နေရာကို ရွေးချယ်သွားမယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-37498

## မန္တလေးဝါးလက်မှုပစ္စည်းများ စွန့်ဦးထုတ်လုပ်၍ ပြည်တွင်းပြည်ပဈေးကွက်တင်ပို့မည်



မန္တလေးမြို့ရှိ ဘိုးသိကြားမင်း အနုပညာဖန်တီးမှုလုပ်ငန်းမှ ဝါးလက်မှုပညာရှင်တစ်ဦးက Traditional Bamboo Burning Art ပုံစံသစ်များကို စွန့်ဦးတီထွင်မှုအဖြစ် ပထမဦးဆုံး အောင်မြင်စွာစတင် ထုတ်လုပ်နိုင်ပြီဖြစ်၍ ပြည်တွင်းပြည်ပဈေးကွက်များ တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။ Bamboo Burning Art အနုပညာဆိုသည်မှာ တာရှည်ခိုင်ခံ့အောင် အထူးစီမံထားသော ဝါးသားမျက်နှာပြင်များပေါ်တွင် မီးစူးသွားတစ်မျိုးတည်းဖြင့် အနုပညာကောက်ကြောင်းများ ဖန်တီးပုံဖော်မှု အနုပညာတစ်ရပ်ဖြစ်ပြီး မြန်မာ့ရိုးရာအငွေ့အသက်များ ကမ္ဘာတစ်ဝန်းသို့ ဝတ်မှုန်ကူးစက်သဘောဖြင့် ပြန့်ပွားခံစားနိုင်စေရန်နှင့် ဝါးလက်မှုပညာကို တစ်ဆင့်မြှင့်တင်ဆန်းသစ်ရည်ရွယ်ခြင်းဖြစ်သည်။ "ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းတွေက ပုဂ္ဂိုလ်တွေရယ်၊ အနုပညာနဲ့ ဝါးအတတ်ပညာကို အထူးလေ့လာသင်ယူနေကြတဲ့ တပည့်တွေရဲ့ တိုက်တွန်းတောင်းဆိုချက်တွေ အရ၊ ဒီ Traditional Bamboo Burning Art ကို အောင်မြင်အောင်ဖန်တီးဖြစ်သွားတာပါ။ ဒီအနုပညာပစ္စည်းလေးတွေ ဖြစ်မြောက်ဖို့အတွက် လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကတည်းက အမျိုးမျိုး ကြံဆစမ်းသပ်နေခဲ့တာဖြစ်ပြီး အခုမှပဲ စွန့်ဦးတီထွင်အနေနဲ့ အောင်မြင်စွာစတင်ထုတ်လုပ်နိုင်တာပါ"ဟု ဘိုးသိကြားမင်းအနုပညာဖန်တီးမှုလုပ်ငန်းမှ ဝါးလက်မှုပညာရှင် ဆရာဝင်းမော်ငြိမ်း က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောကြားသည်။

ယခင်ကာလများက ဝါးသားမျက်နှာပြင်များပေါ်၌ ဝါးပန်းချီ များကို Acrylic ဆေးရောင်စုံနှင့် စုတ်တံအမျိုးမျိုးအသုံးပြု၍ ရေးဆွဲပြသခဲ့ကာ မြန်မာနိုင်ငံတစ်ဝန်းက စိတ်ပါဝင်စားသူ အနုပညာရှင်များကို နည်းပညာများဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ဆန်ကောများကို တာရှည်ခံအောင် ကိုယ်တိုင်ဆေးပေါင်းပြီး Acrylic ဆေးများ၊ စုတ်တံများဖြင့်ပင် ဆန်ကောပန်းချီများ ဖန်တီးနိုင်ခဲ့သကဲ့သို့ ဝါးပေါ်တွင် ပန်းချီရေးဆွဲခြင်းနှင့် ပတ်သက်၍ဖန်တီးမှုအသစ်များ ဆက်လက်လုပ်ဆောင်ရန်ကြံဆခြင်းဖြင့် Traditional Bamboo Burning Art အသစ်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ "ပုံကြမ်းတွေနဲ့ ကောက်ကြောင်းတွေချရာမှာ ကွန်ပျူတာအကူအညီတစ်စုံတစ်ရာမယူဘဲ မိမိရဲ့ဉာဏ်စွမ်းကိုယ်စွမ်းနဲ့ လက်မှုချည်းသီးသန့်ကိုသာ အားစိုက်ပြီး ထုတ်လုပ်လိုက်တာပါ။ ဒါလေးအောင်မြင်သွားတော့ အနုပညာလောကနဲ့ ဝါးပညာလောကအတွက် အပြောင်းအရွှေ့အသစ်တစ်ခုကို ဖန်တီးပေးနိုင်ပြန်ပြီမို့ များစွာပီတိဖြစ်ရပါတယ်"ဟု ဆရာဝင်းမော်ငြိမ်းက ဆက်လက်ရှင်းပြသည်။

မန္တလေးမြို့ ဘိုးသိကြားမင်းအနုပညာဖန်တီးမှုလုပ်ငန်းမှ ယခုဆန်းသစ်စွန့်ဦးထုတ်လုပ်လိုက်သော Traditional Bamboo Burning Art ပစ္စည်းသစ်များကို မြန်မာ့ရိုးရာနှစ်သစ်ကူးကာလအမီဖွင့်လှစ်မည့် ရန်ကုန်မြို့ ဝန်ကြီးများရုံးဟောင်းနေရာရှိ ဆိုင်သစ်တွင် တစုတဝေးတည်းမြင်တွေ့ရတော့မည်ဖြစ်ပြီး ဝါးလက်မှုအနုပညာလက်ရာကို မြတ်နိုးကြသည့် ပြည်တွင်း ပြည်ပခရီးသွားများအနေဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136988.html

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ CMP ကုန်ကြမ်းများပိုမို တင်သွင်းလျက်ရှိ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ CMP ကုန်ကြမ်းများပိုမို တင်သွင်းလျက်ရှိကြောင်းသိရပါတယ်။ COVID – 19 ကြောင့် တရုတ်နိုင်ငံအတွင်း ပြည်နယ်တစ်ခုနှင့်တစ်ခု ၊ မြို့တစ်မြို့ ကူးလူးဆက်ဆံရေးမှုများကို ပိတ်ဆို့ဖြတ်တောက်လိုက်သဖြင့် ကုန်သွယ်မှုများရပ်ဆိုင်းသွားခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်လျက်ရှိသော မူဆယ်၊ လွယ်ဂျယ် ၊ ချင်းရွှေဟော် ၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းတို့တွင်လည်း ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်လာခဲ့ပါတယ်။

နှစ်စဉ် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလတွင် ကုန်သွယ်မှုလျော့နည်းလေ့ရှိသော်လည်း ကိုရိုနာဗိုင်းရပ်စ် စတင်ကူးစက်ဖြစ်ပွားမှုနှင့်ဆက်စပ်သွားသဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်ရပ်ဆိုင်းသွားခဲ့ကြောင်း ၊ ကုန်သွယ်မှုလျော့နည်းလေ့ရှိသော တရုတ်နှစ်သစ်ကူးကာလဇန်နဝါရီလ ၂၃ ရက်နှင့် ၂၄ ရက် တို့တွင် CMP ကုန်ကြမ်းတင်သွင်းမှုမှာ တစ်နေ့လျှင် ကားစီးရေ ၄၀ မှ ၅၀ ခန့်အထိရှိပြီး ဇန်နဝါရီလ ၂၇ ရက်နောက်ပိုင်းတွင်CMP ကုန်ကြမ်းတင်သွင်းမှုမှာ တစ်နေ့လျှင် ကားတစ်စီးမှ သုံးစီးသာရှိခဲ့ပြီး အချို့ရက်များတွင် တင်းသွင်းလုံးဝမရှိတော့သည်အထိဖြစ်ခဲ့ကြောင်းသိရပါတယ်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစတင်၍ တရုတ်နိုင်ငံအတွင်း ရောဂါပိုးကူးစက်မှုမရှိသော ပြည်နယ်များမှ ကုန်တင်ယာဉ်ကြီးများ တရုတ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့် ရွှေလီနှင့်ကျယ်ဂေါင်မြို့တို့သို့ ဝင်ရောက်ခွင့်ရလာသည့်အချိန်မှစ၍ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် မှ CMP တင်သွင်းမှုတစ်နေ့လျှင် ကား ၅ စီးမှ ၇ စီးအထိ စတင်တင်သွင်းနိုင်ခဲ့ကြောင်းသိရပါတယ်။

မတ်လဆန်းမှစတင်၍ တင်သွင်းမှုများ အရှိန်ရလာကာ မတ်လ ၁၀ ရက်မှ စ၍ တစ်ရက်လျှင် စီးရေ ၃၀ ခန့်တင်သွင်းခဲ့ပြီး မတ်လ ၁၁ ရက်မှ၁၇ ရက်အထိ စီးရေ ၇၀ ခန့် မြင့်တက်လာခဲ့ပါတယ်။ ကုန်ကြမ်းတန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ သန်းမှ ၂ ဒသမ ၉၃ တိုးမြင့်လာခဲ့ပြီးCMP ကုန်ကြမ်းတင်သွင်းမှုမှာ ကိုရိုနာ ဗိုင်းရပ်စ်မဖြစ်ခင် ကာလများထက် ယခုမတ်လတွင် တင်သွင်းမှုပိုမိုများပြားလာကြောင်းစီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မှ သတင်းရရှိပါတယ်။

**Source : ကြေးမုံ**

https://www.textiledirectory.com.mm/industry-news/export-import/item/3099-cmp-raw-material.html

## ဘုရင့်နောင်ဆီပွဲရုံအချို့ အရောင်းပိတ်၍ စားအုန်းဆီဈေးကွက် ရိုက်ခတ်မှုရှိ

ဘုရင့်နောင်ပွဲရုံ ရေတမာလမ်း ငုဝါလမ်းတို့ရှိ စားအုန်းဆီ အရောင်းဆိုင်အချို့ မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ဆိုင်အရောင်းပိတ်ကြသဖြင့် အလွယ်တကူဝယ်ယူမရကြောင်း ပွဲရုံနှင့်နယ်ပို့အဝယ်တော်များထံမှသိရသည်။ မတ် ၁၇ ရက်က ဆီထုတ်ယူခွင့် DO စာရွက် လက်ကားတစ်ပိဿာဈေးနှုန်း ကျပ် ၁၆၅၀ ဟု နေ့စဉ် စားအုန်းဆီ ဈေးနှုန်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး၊ မတ် ၁၈ ရက် ညနေအထိ နေ့စဉ်ဆီဈေးနှုန်းထုတ်ပြန်မှု မရှိသော်လည်း ကျပ် ၁၈၅၀ နှုန်းဖြင့် ဆိုင်အချို့မှ ရောင်းချမှုရှိကြောင်း၊ မတ် ၁၇ ရက်တွင် အရင်းဈေးထက် တစ်ပိဿာ ကျပ် ၁၀၀ ဈေးမြင့်ရောင်းနေရာ ယနေ့တွင် အရင်းဈေးထက် တစ်ပိဿာ ကျပ် ၃၀၀ ဝန်းကျင် မြင့်တက် လာသည်။ ယခုနှစ် နှစ်လခွဲအတွင်း ပြည်ပမှ စားအုန်းဆီ တင်သွင်းရန် ဆီအသင်းမှ အပတ်စဉ် ထောက်ခံချက်များ ထုတ်ပေးသည့် ၁၁ ကြိမ်တွင် ဆီတန်ချိန် ၂၁၀၀၀၀ ကျော်ရှိ သည်ဟု သိရသည်။ ရန်ကုန်ဆီဈေးကွက်တွင် ဆီအရောင်းပိတ်၍ ဈေးမြင့်တင်ခြင်းမျိုး တွေ့ကြုံရတတ်သည်ဟု နယ်ပို့ဆီ အဝယ်တော် တစ်ဦးကပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## သကြားထုတ်လုပ်ရန် ကိုရီးယားပညာရှင်များ ထန်းရည်လာရောက်လေ့လာ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်း ကျေးရွာ ၃၀ ခန့်မှထွက်ရှိသော ထန်းရည်ချိုကို တိုက်ရိုက်ဝယ်ယူကာ ထန်းရည်မှ သကြားထုတ်လုပ်ရန်အတွက် ကိုရီးယားနိုင်ငံမှ ပညာရှင်များ လာရောက် လေ့လာခဲ့ကြောင်း မကွေးမြို့နယ် ကျေးလက်မြေအဖွဲ့တာဝန်ခံ ဦးဇော်မင်းထိုက်ထံမှသိရသည်။ ပြီးခဲ့တဲ့ရက်ပိုင်းက မကွေး၊ နတ်မောက်မြို့နယ်များအတွင်းရှိ ထန်းပင်၊ ထန်းတောပေါ်များသည့် ကျေးရွာများသို့ ရန်ကုန်မြို့မှ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ကိုရီးယားနိုင်ငံမှ

ပညာရှင်များ လာရောက်လေ့လာခဲ့ကြောင်းသိရသည်။ "ထန်းရည်ကနေ သကြားချက်လုပ်ဖို့ ကုမ္ပဏီက တိုက်ရိုက်ဝယ်မယ်ဆိုတော့ တကယ်ပဲဝမ်းသာမိပါတယ်။ ထန်းတက်ရတဲ့သူတွေမှာ မတော်တဆ ခြေချော်၊ လက်ချော်ကျခဲ့ရင် အကျိုးအကန်းနဲ့ သေဖို့ပဲရှိတယ်။ အဲဒီလို အသက်ကိုရင်းပြီးမှ လုပ်ကိုင်စားသောက်ကြရတာပါ။ ဒါ့အပြင် ထန်းလျက်ချက်မယ်ဆိုလည်း ထင်းဖိုး၊ ရေဖိုးနဲ့မကိုက်တော့တဲ့အတွက် ထန်းရည်ချိုကို တိုက်ရိုက်ဝယ်ယူမယ်ဆိုတော့ ထန်းတောင်သူတွေအတွက် ဝမ်းသာစရာတစ်ခုပါပဲ"ဟု မကွေးမြို့နယ် ကြာကန်ကျေးရွာနေ ထန်းတောင်သူ ဦးသန်းဝင်းကပြောသည်။ "ထန်းတောင်သူတို့မှာ ထန်းပင်ပေါ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်တက် ရပြီးရရှိသော ထန်းရည်ချိုကို ထန်းလျက်ချက်ကာ ရောင်းချကြရပါတယ်။ အခုနောက်ပိုင်း ထန်းလျက်ဈေးမကောင်းတော့ ထန်းတက်တဲ့သူတွေ တဖြည်းဖြည်းနဲ့ နည်းပါးလာခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

"ထန်းသမားတွေအနေနဲ့ ထန်းလျက်ချက်ရတာ ထင်းက ရှားလာတဲ့အတွက် ထင်းကိုဝယ်ပြီးတော့ ချက်ကြရတယ်။ သူတို့တစ်ရက် ထန်းလျက်ချက်လို့ရရှိတဲ့ဝင်ငွေရဲ့ ရာခိုင်နှုန်း ၅၀ က ထင်းဖိုး၊ ရေဖိုးထဲပါသွားတယ်။ ဒါ့အပြင် ထန်းလျက်ချက်ပြီဆိုမိသားစုလိုက် ဆောင်ရွက်ရတာဆိုတော့ တွက်ခြေက မကိုက်တော့ဘူးပေါ့။ အဲဒီမှာ ထန်းတက်မယ့်အလုပ်ကို စိတ်ဝင်စားမှုလျော့နည်းလာခဲ့တယ်။ အခုလိုထန်းရည်ချိုကို တိုက်ရိုက်ဝယ်ယူမယ်ဆိုတော့ စိတ်ဝင်စားလာကြတာပေါ့"ဟု ကျေးလက်မြေအဖွဲ့မှ တာဝန်ခံ ဦးဇော်မင်းထိုက်က ပြောသည်။ မကွေးမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်းရှိ ထန်းရည်ထွက်ရှိသော ကျေးရွာများမှ ထန်းရည်ချိုကို သကြားချက်လုပ်ရန်အတွက် ကုမ္ပဏီမှတိုက်ရိုက်ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/137005.html

## COVID-19 ကြောင့် မိုးကုတ်မြို့ ပတ္တမြားကျောက်မျက်"ထာပွဲ" များ အရောင်းအဝယ်အေး

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ မိုးကုတ်မြို့ "ထာပွဲ"များ COVID-19 ဂယက်ကြောင့် အရောင်းအဝယ်အေးလျက်ရှိကာ "ထာပွဲ" လေလံယူသူများ အရှုံးပေါ်နေကြောင်းသိရသည်။ "ဒီထာပွဲက မိုးကုတ်မြို့ ပိတ်စွယ်ရပ်ကွက်စည်ပင်ပိုင်မြေနေရာမှာတည်ရှိပြီး ၁၉၈၀ ခု လောက်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ မိုးကုတ်မှာတော့ "ထာပွဲ" ကျင်းပပြီး ပတ္တမြားအရောင်းအဝယ်လုပ်တဲ့နေရာတွေက ခုနစ်ခုလောက်ရှိပါတယ်။ ဒီနေရာကတော့ မြို့နယ်စည်ပင်ပိုင်ဝင်းပါ။ ကျွန်တော်တို့ မိုးကုတ်ထာပွဲ ကျောက်ကုန်သည်ပွဲစားများအဖွဲ့က ကျပ်သိန်း ၆၈၀ နဲ့ လေလံအောင်ပြီးထာပွဲ ကျင်းပတာပါ။ ဒါကြောင့် "ထာပွဲ" လာကြတဲ့ လူတွေဆီက ကားတစ်စီးကို ကျပ် ၅၀၀၊ ဆိုင်ကယ်တစ်စီးကို ကျပ် ၂၀၀၊ လူ တစ်ဦးကို ကျပ် ၁၀၀ ကောက်ခံပါတယ်။ နောက်ပြီး ဒီထာပွဲမှာ ထီးဖွင့်ရောင်းချသူက ၄၀၀ ကျော်ရှိပြီး ထီးတစ်နေရာ (တစ်လက်)ကို တစ်လ ကျပ် ၃၀၀၀ ကောက်ခံသလို စားပွဲခင်းပြီးရောင်းချသူကိုလည်း တစ်လ ကျပ် ၃၀၀၀ ကောက်ခံပါတယ်။ အရင်ကတော့ နိုင်ငံခြားသားတွေလာဝယ်ကြသလို မြန်မာပြည်အနယ်နယ်အရပ်ရပ်က လာရောက်ဝယ်ယူကြသူတွေများပြားပြီး နေ့စဉ်စည်ကားခဲ့ပါတယ်။ ဒါပေမဲ့ အခုတလော COVID-19 ရောဂါ ကျယ်ပြန့်လာမှုကြောင့် "ထာပွဲ" ကို လာရောက်သူတွေနည်းပါးသွားပြီး အရောင်းအဝယ်အေးသွားပါတယ်။ အရောင်းအဝယ်အေးလို့ ဒီနှစ်မှာ လေလံကြေး သိန်း ၆၈၀ ပြန်မရနိုင်လို့ အရှုံးပေါ်နေပါတယ်"ဟု မိုးကုတ်ပွဲ ကျောက်ကုန်သည်များအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေက ပြောသည်။

မိုးကုတ်မြို့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းတည်ရှိပြီး ရပ်ကွက်ပေါင်း ၃၅ခုရှိကာ လူဦးရေ ၅၀၀၀၀ ခန့်နေထိုင်ကြောင်း သိရသည်။ အဆိုပါမိုးကုတ်မြို့တွင် ကျောက်မျက်ကုမ္ပဏီ ၅၀၀ခန့် ကို နိုင်ငံတော်အစိုးရမှ လုပ်ကိုင်ခွင့်ပေးထားသဖြင့် ဒေသခံလက်လုပ်လက်စားနှင့် တစ်ပိုင်တစ်နိုင် ကျောက်မျက်ရှာဖွေသူများ အလုပ်လက်မဲ့ဖြစ်ကာ နီးစပ်ရာနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/136986.html

## မြန်မာနိုင်ငံတွင် COVID-19 ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများအား ဦးစားပေးကဏ္ဍအဖြစ်ကုစားသွားမည်

မြန်မာနိုင်ငံတွင် COVID-19 ကြောင့် လတ်တလော စီးပွားရေး ထိခိုက်မှု အများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများအဖြစ် အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများကို

ဦးစားပေးကုစားရမည့်ကဏ္ဍများအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ကြေညာချက်အမှတ် (၁/၂၀၂၀) ထုတ်ပြန်ချက်ကို မတ် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်လှည့်ပတ်ရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံနှင့်လူမှုဖူလုံရေး ရံပုံငွေမှ ကျပ် ၅၀ ဘီလီယံ စုစုပေါင်းကျပ် ၁၀၀ ဘီလီယံ ကို ကနဦးမတည်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် COVID-19 ရံပုံငွေ ထူထောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။အဆိုပါရံပုံငွေဖြင့် COVID-19 ကြောင့် စီးပွားရေးအခက်အခဲထိခိုက်သွားသည့် အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ ကို အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ ၁ နှစ်သတ်မှတ်၍ ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးထိခိုက်မှုပေါ်မူတည်ပြီး အတိုးနှုန်းနှင့် ချေးငွေကာလကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၃ လတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့ နှင့် ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက် တွင် ကုန်ဆုံးမည့် ဒုတိယ ၃ လပတ် အတွက် ၎င်း၊ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်တွင်ကုန်ဆုံးမည့် တတိယ ၃ လ ပတ်အတွက ၎င်း၊ ၃လ တစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို စက်တင်ဘာ ၃၀ ရက်အထိ ပေးဆောင်နိုင်ကြောင်းသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ် ၃၁ ရက် တွင် ကုန်ဆုံးမည့် လအတွက်မှ စတင်၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင်ကုန်ဆုံးမည့် လအတွက်အထိလစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များ ကို စက်တင်ဘာ ၃၀ ရက် အထိ ပေးဆောင်နိုင်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်ထဲတွင် ပါရှိသည်။

**Source:** http://xinhuamyanmar.com/business/local/26730-covid-19

## အောင်လံမြို့နယ်အတွင်း စပျစ်သီးအထွက်ကောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းက စပျစ်အသီး အထွက်ကောင်းတဲ့အပြင် ဈေးကောင်းပါရနေတယ်လို့ စပျစ်စိုက်ပျိုးသူ တောင်သူတွေကပြောပါတယ်။ လက်ရှိ ဒီစပျစ်ပင်တွေကိုအောင်လံမြို့ မြောက်ဘက်က မြွေရိုးကျေးရွာ တောင်သူတွေက စမ်းသပ်စိုက်ပျိုးနေကြတာပါ။ စမ်းသပ်စိုက်ပျိုးခဲ့ရာ မှာ စပျစ်သီးအထွက်ကောင်းပြီး ဈေးကောင်းရနေတာနဲ့ ပတ်သက်လို့ မြွေကျေးရွာက စပျစ်စိုက်ပျိုးသူ ဦးစိန်အေးက အခုလို ပြောပါတယ်။ “ အခုအချိန်အထိတော့ ပိဿာ နှစ်ရာလောက်တော့ရပြီ ၊ တောင်သူအတွက်တော့ စိုက်ပျိုးသင့်ပါတယ်” လို့ ပြောပါတယ်။ ဦးစိန်အေးဟာ အပင် ၄၀၀ ဝန်းကျင် စိုက်ပျိုးခဲ့ပြီး အပင်တွေကို ဂရုမစိုက်နိုင်တာကြောင့် ၁၀၀ ကျော်လောက် သေဆုံးခဲ့တယ်လို့ ပြောပါတယ်။ ကျန်တဲ့ အပင်တွေထဲ့က အပင် ၁၀၀ ကျော် အသီးသီး ခဲ့တယ်လို့ ဆိုပါတယ်။ မြွေရိုးကျေးရွာမှာ စပျစ်ပင်တွေကို စမ်းသပ်စိုက်ပျိုးခဲ့တာ တစ်နှစ်ကျော်ရှိပြီဖြစ်ပြီး၊ တန်ဆောင်မုန်း လမှာ စတင်စိုက်ပျိုးခဲ့ကာ တပို့တွဲလမှာ ခူးလို့ရတဲ့ အသီးတွေကို ဈေးကွက်ကို တင်ပို့ရောင်းချကြတာဖြစ်ပါတယ်။

လက်ရှိရောင်းချနေတဲ့ ဈေးကွက်နဲ့ရရှိတဲ့ စပျစ်သီးဈေးနှုန်းတွေနဲ့ပတ်သက်ပြီးတော့လည်း မြွေရိုးကျေးရွာက စပျစ်စိုက်တောင်သူ ကိုဝင်းမင်းထွန်းက အခုလိုပြောပါတယ်။ “အနီးနားက မြို့တွေကို ဖြန့်ရောင်းပါတယ်။ တစ်ပိဿာကို သုံးထောင်ငါးရာ လေးထောင်လောက်နဲ့ ရောင်းပေးပါတယ်” လို့ပြောပါတယ်။ မြွေရိုးကျေးရွာက စပျစ်စိုက်တောင်သူတွေ စမ်းသပ် စိုက်ပျိုးတဲ့ စပျစ်မျိုးက ဘီကျူ (BQ)စပျစ်မျိုးဖြစ်ပြီး၊ ပျိုးပင်တစ်ပင်ကို ကျပ်(၈၀၀) ပေးရတယ်လို့ဆိုပါတယ်။ စိုက်ပျိုးသူတွေဟာ စပျစ်ခြံတစ်ခြံကို စပျစ်ပင်(၄၀၀)ကနေ (၅၀၀)အထိစိုက် ပျိုးကြကာ ကုန်ကျစရိတ်အနေနဲ့ ကျပ်(၁၅)သိန်းက ကျပ်သိန်း(၂၀) အထိရှိတယ်လို့လည်းဆိုပါတယ်။ စပျစ်ပင်ဟာ နှစ်ရှည်သီးပင်ဖြစ်ပြီး ဈေးကွက်ဝယ်လိုအား ကောင်းတာကြောင့် တောင်သူတွေအနေနဲ့ စပျစ်စိုက်ပျိုးဖို့ စိတ်ဝင်စားနေကြတယ်လို့ သိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှု ၅.၇ ရာခိုင်နှုန်းတိုးတက်ခဲ့၊ နှိုင်းယှဉ်သည့် ယခင်နှစ်အလားတူကာလတွင် ကုန်သွယ်မှုနှေးကွေးခဲ့ခြင်းကြောင့်ဖြစ်

စင်ကာပူ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၁၇ - ၃ - ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ထားသောစာရင်းအရ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စင်ကာပူ၏ ကုန်စည်ကုန်သွယ်မှုသည် နှစ်အလိုက်ကာလတူနှင့်နှိုင်းယှဉ်ပါက ၅.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် ၂.၄ ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် ၉.၄ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ ထိုသို့ ကုန်သွယ်မှု တိုးတက်ခဲ့ခြင်းမှာ နှိုင်းယှဉ်သည့် ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပမာဏ လျော့ကျခဲ့ခြင်း ကြောင့်ဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုပမာဏထက် ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပို့ကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၄၀.၈၂ ဘီလီယံ၊ သွင်းကုန်ပမာဏမှာ စင်ကာပူဒေါ်လာ ၃၉.၄၇ ဘီလီယံတို့ဖြင့် စုစုပေါင်း ကုန်စည်ကုန်သွယ်မှုပမာဏ စင်ကာပူဒေါ်လာ ၈၀.၃၀ ဘီလီယံ ရရှိခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း စက်သုံးဆီမဟုတ်သောပို့ကုန်များဖြစ်သည့် အီလက်ထရွန်နစ်ပစ္စည်း ပို့ကုန်မှာ ၂.၅ ရာခိုင်နှုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်မှာ ၃.၂ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း၊ စက်သုံးဆီမဟုတ်သော ပို့ကုန်များကို တရုတ်နှင့်ဟောင်ကောင်တို့မှလွဲ၍ စင်ကာပူ၏ အဓိကဈေးကွက်များသို့ တင်ပို့မှုတိုးတက်ခဲ့ပြီး၊ အထူးသဖြင့် အီးယူ (၄၃ %)၊ အမေရိကန် (၂၃.၅%) နှင့် ဂျပန် (၆၁.၇%) ဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

စက်သုံးဆီတင်ပို့မှုအပိုင်းတွင် ဟောင်ကောင် (- ၆၆.၆ %)၊ အီးယူ (- ၄၉.၈ %) နှင့် ပနားမား (- ၈၅.၈ %) ဈေးကွက်များသို့ တင်ပို့မှုဆက်လက်ကျဆင်းခဲ့သည့်အတွက် ဖေဖော်ဝါရီလအတွင်း စင်ကာပူ၏ စက်သုံးဆီပို့ကုန်မှာ ၂၈.၆ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်းနှင့် စက်သုံးဆီမဟုတ်သော ကုန်ပစ္စည်းများကိုပြန်လည်တင်ပို့မှု (Re-exports) မှာ ၁၂.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: Ministry of Trade & Industry, Department of Statistics, Singapore**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး-စင်ကာပူမြို့**

## အိန္ဒိယ၌ နနွင်းတက် ဈေးကွက်ဝယ်လိုအားမြင့်တက်လျက်ရှိခြင်း

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်နေချိန်တွင် ဆေးဖက်ဝင်ကုန်ပစ္စည်းအဖြစ် အလေးထားရောင်းဝယ်လာမှုက ဥရောပနှင့် အနောက်အာဖရိကဈေးကွက်၌ အိန္ဒိယ၏ ပြည်ပပို့ကုန်နနွင်းတက်များအပေါ် ဝယ်လိုအားမြင့်တက်မှု ဖြစ်ပေါ်လျက်ရှိကြောင်း အိန္ဒိယကုန်သည်အသိုင်းအဝိုင်းမှ ပြောဆိုလျက်ရှိကြပါသည်။

အိန္ဒိယနိုင်ငံ၌ နနွင်းတက်များအား နှစ်စဉ် နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း ရိတ်သိမ်း၍ ပြည်ပတင်ပို့လေ့ရှိရာ ယခုနှစ် အစောပိုင်းကာလများတွင် ပြည်ပမှဝယ်လိုအားမှာ ကျဆင်းနေခဲ့သော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းခန့်မှစ၍ နနွင်းတက် ပြည်ပဝယ်လိုအား ရုတ်တရက်မြင့်တက်လာကြောင်း၊ အထူးသဖြင့် ဗြိတိန်နှင့်ဂျာမဏီနိုင်ငံတို့မှ ဝယ်ယူမှုပိုမိုများပြားပြီး ၁၀ ရက်ခန့်ကာလအတွင်း ၃၀၀% အထိ မြင့်တက်လာကြောင်း၊ သို့ရာတွင် အိန္ဒိယနှင့်အဆိုပါနိုင်ငံများအကြား လေကြောင်းခရီးဖြင့် ကုန်စည်သယ်ယူပို့ဆောင်နိုင်မှုမှာ ၉၀% ခန့်လျော့ကျခဲ့ရာ ယခုကဲ့သို့ အခွင့်အလမ်းပေါ်ပေါက်လာမှုကို အပြည့်အဝရယူနိုင်ခြင်း မရှိကြောင်းသိရှိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် ကြက်သားစားသုံးမှုနှင့်ဆက်စပ်လျက်ရှိသည်ဟူသော ကောလာဟလများ အိန္ဒိယပြည်သူလူထုအကြား ဖြစ်ပေါ်လျက်ရှိခြင်းက ပြည်တွင်းဈေးကွက်၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ဝယ်လိုအားကိုလည်း ၅% မှ ၁၀% အထိ မြင့်တက်မှုဖြစ်ပေါ်စေခဲ့ကြောင်း၊ သို့သော် ပြည်တွင်း၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ ပိုလျှံစွာ ထုတ်လုပ်နိုင်သဖြင့် ဈေးနှုန်းများမြင့်တက်ခြင်းမရှိစေရန် ထိန်းသိမ်းထားနိုင်ကြောင်းသိရှိရသည်။

**Source: Coronavirus scare shoots up demand for India's raw turmeric, 17 March 2020, Economic Times**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

# STOCK EXCHANGE (19.3.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 19th Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 10,500 | 11,000 | 10,500 | 4,172 | 43,815,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,650 | 3,800 | 3,650 | 9,284 | 34,015,450 | 38,929,150 | 147,931 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 434 | 3,559,100 | 10,400,986 | 86,328 |
| FPB | 00004 | 22,000 | +0 | +0.00% | 21,500 | 22,000 | 21,500 | 141 | 3,046,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 10 | 28,000 | 12,823,224 | 35,905 |


## Market summary

As of 19th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.82 | -0.66 | -0.14% | 438.99 | 454.82 | 438.99 | 14,041 | 84,464,050 | 5 | 622,789 |

### Index chart




## Market Overview

As of 1:00 pm, 19th Mar. 2020

| MYANPIX | 454.82 ▼ 0.66 |
|---|---|
| Total Volume (shares) | 14,041 |
| Total Value (MMK) | 84 mil |
| Listed Company | 5 |
| Market Cap. (MMK) | 622,789 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |